
သျှင်မ
ဦ ဇင် ဘာ နေ့ စွဲ

# အခန်း (၁)

"ဟာ ... သေပြီ"

ကိုယ့်ဆီကို အရာဝတ္ထုတစ်ခု လက်ခနဲ လွင့်တက်လာတာ မြင်လိုက်ကတည်းက ကိုယ့်ရဲ့ ကံကြမ္မာကို နားလည်လိုက်ပြီဖြစ်ကာ ထိုအရာကို အမိအရ ဖမ်းယူထားလိုက်ရင်း ...

"လုပ်ထားဦး ... ခွေးကောင် ..."

တီးတိုး ဆဲမိသည် ။ လူအုပ်ထဲ တိုးဝှေ့ဝင်ခဲ့ရင်း ခြေလှမ်းတွေကိုတော့ အရှိန်ထပ်တင်လိုက်ရ၏။ ပြီးတော့ လှူပ်လှူပ်ရှားရှား ဖြစ်ကုန်ပြီကို မြင်လိုက်တာနှင့် လှစ်ခနဲ ပြေးခဲ့မိသည် ။

ပြောတုန်းကတော့ "မင်းက နည်းနည်း ရှုပ်ထွေးအောင် လုပ်ထားပေးရုံပဲ"တဲ့ ။ သူ ဒီလိုနည်းနဲ့ ပဲ အလစ်သမား လုပ်စားထားတာ တစ်ပွဲတစ်လမ်းလည်း မကတော့ပေ ...။

"ငါ့ကို ဖတ်ဖတ်မောအောင်တော့ မခိုင်းနဲ့ ဟ‌ေ့ကောင် ...၊ အလစ်သမားချင်း တူပေမယ့် ငါက အခန့်လိုင်းနဲ့ နေချင်တာ" လို့ ပြောခဲ့တုန်းကလည်း ရယ်မောမပျက်ဘဲ သူငယ်ချင်းချင်း သာတယ် ... နာတယ် မတွက်ဘူးလိုလို ...။

ခုတော့ ပစ္စည်းကို သူ့ဆီ အရောက်ပို့ပြီး သင်းကလွတ်ရာလွတ်ကြောင်း လစ်ကျန်ရစ်၏။

ပြေးလိုက်စမ်း ...၊ ပြေးဖူးတယ်ရှိအောင် ...၊

အာရုံထဲမှာ လင်းခ မျက်နှာကြီး ပေါ်လာကာ "အခန့်လိုင်းနဲ့ ပြေးနေတယ်လို့ သဘောထား"တဲ့ ...။ ပြီးတော့ လက်ပိုက်ပြီး သဘောတွေကျနေလိုက်တာ ... တဟားဟား ရယ်လို့ ...။

နောက်က ခြေလှမ်းတွေ နောက်ကျ ကျန်ရစ်ကာ သူလည်း ဒေါသမောဟတွေ လုံးထွေးနေလျက် လင်းခကိုပဲ သတိရတိုင်း ကျိန်ဆဲနေမိရင်း ...

"အ ..."

"အမလေး ..."

နွေးခနဲ ပစ်တိုက်မိလိုက်ကတည်းက မိန်းကလေး တစ်ယောက်ဆိုတာ သိသည် ။ ပြီးတော့ နှာခေါင်းထဲဝင်လာတာ ဖွန်ပန်းနံ့ ...

"ရှင် ဘယ်လိုလူလဲ ...၊ ကုန်ပါပြီ ... သူများ ရဲ့ ပန်းတွေ ..."

အပြာရောင် ပလတ်စတစ် ဆန်ခါလေးသည် ဖွန်ပန်းတွေ တစ်ဝက်နှင့် ပက်လက်လေးကျတဲ့ တိုင်း ရှိလျက် ပန်းတစ်ဝက်လောက်က ဖိတ်စဉ်နေ၏။

"ဆောရီးကွာ ..."

သူ လက်ကာ တောင်းပန်၍ ဆက်ပြေးမလို့ ခြေလှမ်းပြင်ပြီးမှ ဆတ်ခနဲ ပြန်လှည့်ကာ သူမရဲ့ ပန်းခြင်းလေးထဲကို ပန်းတွေ ကပျာကယာ ပြန်ကောက်ထည့်၍ ...

"ကဲ ... ရော့ပါ ... ကျေနပ်ပြီလား ..."

လက်ထဲကို ထိုးသိပ်ထည့်ပေးခဲ့ပြီး ပြေးထွက်သွားသည့် ကျောပြင်

က ပန်းချီ မျက်လုံးထဲမှာ လွန်စွာ မုန်းတီးဖွယ်ကောင်းနေကာ မျက်စောင်းထိုးမိရင်း ...

"ကျေနပ်ပြီလားပဲ ဖြစ်ရဦးမယ် ... ပန်းတွေ ပြန့်ကျဲကုန်တာကို သိမ်းကျုံးထည့်လိုက်တာ အကုန် လွှင့်ပစ်ရတော့မယ် ..."

ငုတ်တုတ်လေးကနေ အကုသိုလ်များ နေရင်း ပန်းတွေကို တစ်ပွင့်ချင်းစီ ရသလောက် ပြန်ကောက်ထည့်ဖို့ အာရုံပြန်ရောက်သွားကာမှ ...

"လိုက် ... အဲဒီတည့်တည့်ပဲ ပြေးတာ"

"မဟုတ်ပါဘူး ... ဒီဘက်ပါ"

ပြေးလွှားလာကြသည့် ခြေသံတွေနှင့် လူရိပ်တွေကြောင့် သူမ မျက်လုံးပြူးသွား၏။ စောစောကလူက အလစ်သမား ... ခါးပိုက်နှိုက်ပဲ ...။

"ဟေ့ ... ညီမ၊ ဒီနားက လူတစ်ယောက် ဖြတ်ပြေးသွားလား"

"ပြေးတယ် ... ပြေးတယ်၊ လမ်းအတိုင်း ပြေးတာ မဟုတ်ဘူး ၊ ဟိုပန်းခြံဘက် ဝင်ပြေးတာ၊ ခုလေးတင် ..."

"ငါ မပြောဘူးလား ..."

"လိုက်ပေးကြပါဗျာ ... ဆွဲကြိုး ပြန်မရရင် ကျွန်တော့်အစ်မ ရှော့ခ်ရသွားနိုင်လို့ ပါ ... လိုက်ပေးကြပါ ..."

"ဘာလို့ ပြန်မရရမှာ လဲ ... ဆွဲကြိုးကို လုမ်းပစ်ပေးလိုက်တာ သေချာကို မြင်လိုက်တာ ဥစ္စာ"

ဆက်တိုက် ပြေးလွှားလိုက်သွားကြရင်း စကားသံတွေ ပျံ့လွင့် ကျန်ရစ်၏။ ဒီတစ်ခါလည်း ပန်းတွေ ပြန်ကောက်ဖို့ ကို မေ့ပြန်ကာ အားရပါးရ ပြုံးမိလျက် ...

"ကောင်းတယ် ... ငါ့ကို ဝင်တိုက်သွားဦး"

ပခုံးကနေ လျှောကျနေသည့် ဆလင်းဘက်ခ် အိတ်ပျော့လေးကို ပြန်ဆွဲတင်၍ ပန်းတွေကို တယုတယ ပြန်ကောက်ထည့်သည်။

ဒီနေ့ သူငယ်ချင်းရဲ့ မွေးနေ့မှာ ပန်းပြာသာဒ်လေး သေးသေးလေးလုပ်၍ ကိုယ်ပေးမယ့် မွေးနေ့လက်ဆောင်ကို သီးသန့် စီရင်ချက်ဖြင့် ထည့်ပေးလိုက်မှာ ဖြစ်သည်။

ပြီးတော့ ယုဇနအောင်ဆိုသည့် နာမည်လေးလိုပဲ ပန်းတွေကို ချစ်တတ်သည့် အောင်က ဇွန်ပန်းလေးတွေကိုမှ ပိုချစ်ပါသည် ဆိုတော့ ပန်းချီရဲ့ အချစ်ဆုံးလေး ဖြစ်နေသေးသည်။

"ဟယ် ... ပန်းတွေ အများကြီးပဲ၊ နင် တကယ် ငါ့ကို ပြာသာဒ်လေး လုပ်ပေးမယ်ပေါ့"

"အိမ်တံခါးဝပြင် ပန်းချီကို မြင်လိုက်သည် နှင့် အောင့်မျက်နှာလေး ဝင်းပသွား၏။ အောင့် မာမီ ဒေါ်နှင်းယုကလည်း ပြုံးရယ် ရောက်လာလျှက် ...

"ဟုတ်ပကွယ် ... ဒီလို ပန်းလေးတွေကို သီကုံးထားတာပဲ မြင်ဖူးတာ ၊ သမီးယူလာမှ ပဲ အဖွေးလိုက်၊ အဆုပ်လိုက် မြင်ဖူးရတာ၊ မြင်လိုက်ရတိုင်း လှလိုက်တာလို့ မပြောဘဲကို မနေနိုင်ဘူး၊ သမီးတို့ ခြံနောက်တစ်ပိုင်းလုံး ဇွန်ပန်းရုံကြီးတွေပဲဆို ..."

ပန်းချီက ဒေါ်နှင်းယု လက်ထဲကို ပန်းတွေ ထည့်ပေးလိုက်ကာ ...

"နောက်တစ်ပိုင်းလုံးတော့ မဟုတ်ပါဘူး အန်တီ၊ များ တော့ အများကြီးပဲ ... ပွင့်နေပြီဆိုရင် နှင်းခဲတွေတင်နေတဲ့ လွင်ပြင်ငယ်လေး ပေါ့ ..."

"ခူးရော ခူးနိုင်ရဲ့ လား သမီးရယ် … ရောင်းစားမယ့်လူသာဆို အံကိုက်ပဲနော် …"

"လာ … ထိုင်ဟ"

အတူတူ ဧည့်ခန်းထဲမှာ ထိုင်ကြတော့ အောင်က ပန်းချီ့လက်ကို ဆွဲ၍ အတူပူးကပ်ထိုင်၏။ ပြီးတော့ လက်ဖဝါးချင်း ထပ်ဆုပ်ထားကာ …

"မာမီကလည်း … ပန်းချီ့ ဖေဖေနဲ့ မေမေက အရမ်း သဘောကောင်းတာ၊ ပန်းတွေကို ချစ်တာချင်းတူနေတာ ကြည့်ပါလား၊ အဲဒီပန်းတွေ ပွင့်လာရင် စက်ရုံက အလုပ်သမားတွေ၊ အိမ်ကလူတွေကို ကြိုက်သလို ခူးခိုင်းထားတာ …"

"ဟုတ်လား … "

"သစ်စက်က အလုပ်သမားနှစ်ယောက်ဆိုရင် သူ့မိန်းမက ဈေးရောင်းတတ်တယ်၊ ပန်းတွေရောင်းဖို့ ပေးပါတောင်းထားလို့ စီးပွားဖြစ်တောင် ပေးခူးလိုက်သေးတယ်"

"ဩော် … ကောင်းတာပေါ့ကွယ်၊ သီးပင်၊ ပန်းပင်ဆိုတာမျိုးက များများ ခူးလေ အသီးလှိုင်လေတဲ့ …၊ နောက်ပြီး ပန်းပင်လေးတွေ စိုက်ထားရင်လည်း သူများကို ပေးခူးစေတဲ့ စေတနာမျိုးနဲ့ ဆိုရင် အဲဒီပန်းပင် ပိုပွင့်တယ်တဲ့ ၊ သမီးတို့ ပန်းရုံတွေ ဘယ်လောက်ခူးခူး မကုန်နိုင်ဘူးမို့လား"

"ဟုတ်ပ … ဟုတ်ပ … ပန်းချီတို့ ခြံထဲမှာ စနစ်တကျ စိုက်ထားလို့လား မသိဘူး ဆယ့်နှစ်ရာသီကို ပွင့်နေတော့တာပဲ၊ အနည်းအများ ပဲကွာတာနော် …"

သားအမိနှစ်ယောက် သူမတို့ ဘာသာ အမေးအဖြေတွေ ဖြစ်နေကြ

သဖြင့် ပန်းချီတောင် ဖြေပေးဖို့ မလိုတော့ပေ ...။

"အင်း ... ပန်းပင်စိုက်တယ် ဆိုတာမျိုးက မာလီတွေ ဘာတွေ ထားတဲ့ လူတွေကတော့ စိတ်အပန်းဖြေဖို့ အလှအပ ဖန်တီးတာမျိုးပေ့ါနော် ...၊ ကိုယ်တိုင်ပဲ စိုက်ပျိုးပြုစုတာကျတော့ အံ့သြဖို့ ကောင်းတယ်၊ ပန်းချီတို့ အဖေဆိုရင် အလုပ်ကအပြန် သူ အပန်းဖြေတာက အဲဒီ ဇွန်ပန်းပင်တွေကြားထဲမှာ တကုပ်ကုပ် လုပ်ကိုင်ပြုစုရင်း လိုအပ်ချက် ဖြည့်နေတာမျိုး မာမီရဲ့ ... အန်တီကလည်း အန်ကယ့်ကို ပန်းပင်တွေနားမှာ သွားစကားပြောရတာကို တစ်ခါမှ အပြုးပျက်တာ မတွေ့ဘူး၊ သမီးက ပန်းချီ့အခန်းထဲဝင်ပြီး ခေါင်းရင်းတံခါး ဖွင့်ထိုင်ဖြစ်တိုင်း အဲဒီလို မြင်ကွင်းလေးတွေပဲ မြင်တတ်နေလို့ သိနေတာ ..."

"အင်း ... အင်း ... ဒါနဲ့ သမီးတို့ က သစ်စက်ရယ် ... ဆန်စက်ရယ်လား ..."

ပန်းချီက မျက်နှာကိုကြည့် မေးလာတော့မှ ပဲ ဖြေဖို့ အလှည့်ကျကာ ...

"ဟုတ်ကဲ့ ... နယ်မှာ ဆီစက်တွေတော့ ရှိတယ်၊ အဲဒါတွေကတော့ ဘဘကပဲ ခုချိန်ထိ ဦးစီးနေတာလေ၊ နိုင်ငံနဲ့ ချီပြီး ဖြန့်ဖြူးနေတာမျိုးတော့ မဟုတ်ပါဘူး"

"ဩော် ... စက်ရုံတွေ အများကြီးရှိတာ နည်းတဲ့ စီးပွားရေးမှ မဟုတ်တာ သမီးရယ် ...၊ အန်တီက ထူးဆန်းနေတာ ... သမီးတို့ ရဲ့ ခြံနဲ့ တိုက်ပုံစံက အရမ်းလှတာပဲလို့ သမီးသူငယ်ချင်းက ပြောဖူးလို့ လေ၊ ဒီလိုချမ်းသာနေတာကို တစ်စုတစ်စည်းတည်း ဖြစ်သွားအောင် မြို့မှာ ပဲ သူများတွေလို ဈေးကွက်ကောင်းတဲ့ စီးပွားရေး ကြီးကြီးမားမားတစ်ခု ထူထောင်လိုက်ရင် စီးပွားရေး တစ်မျိုးတည်းကို အနီးကပ် ဦးစီးလို့ ရတယ်၊ လုပ်

ငန်း ဘယ်လောက်ကြီးကြီး အာရုံစိုက်ပြီး ကြိုးစားနိုင်မယ်”

“ဟုတ်ပါတယ် အန်တီ ... ဒါပေမဲ့ ဖေဖေတို့ က ဘဘရဲ့ အယူအဆ အတိုင်းပဲ မသွေမဖည် ဝါသနာကြီးကြတာ ဆီစက်၊ ဆန်စက်တွေပဲ၊ ဘဘက ခေါ်တဲ့ အခါ လင်မယားနှစ်ယောက်စလုံး ထသွားလိုက်တယ်၊ အဲ ဒါကိုလည်း ကျေနပ်ကြတယ်”

“သြော် ...”

“တစ်ယောက်မအားလို့ တစ်ယောက်တည်း သွားလိုက်တယ် ဆိုတာ ကို မရှိခဲ့ဖူးဘူး”

“ဘာလဲ ပန်းချီ ... နင်က အဲဒါကို ချီးမွမ်းတာလား ... ကဲ့ရဲ့ ချင်တာ လား”

“ဘာမှ မဟုတ်ပါဘူး အောင်ရယ် ... ဒီအသက်အရွယ်ထိ ညီညွတ်ကြ တာကို သတိထားမိလာတဲ့ သမီးတစ်ယောက်ရဲ့ ဒိုင်ယာရီပါ”

“အဲဒါ သူတို့ ချင်း ဘယ်လောက် ယုယနွေးထွေးသလဲ ဆိုတာကို ပြ တာလေ၊ ဆံဖြူသွားကျိုးတဲ့ အထိ အပေးအယူမလွဲကြမယ့် နားလည်မှု တွေပေ့ါ”

ပြောပြီး ရယ်ဖြစ်ကြသေးသည်။

“ဟုတ်တယ် သမီးရေ ... ဒီမှာ ညည်းတို့ အန်ကယ်ဆိုရင် စီးပွားရေး လေး ကောင်းလာကတည်းက များ လာလိုက်တဲ့ လမ်းကြောင်းတွေ၊ သြော် ... ငါ့ယောကျ်ား မဖောက်မပြန် ရှာဖွေနေတာပဲဆိုပြီး သည်းခံနေ ရတာ၊ မိသားစု ထမင်းလက်ဆုံ မစားဖြစ်တာဆို နှစ်နဲ့ တောင် ချီနေပါပြီ”

“ကဲ ... ကဲ ... ပန်းချီရေ ... လာ ... ထ ... နင် မာမီရဲ့ 'လွမ်းသူ့ တမ်းချ

င်း'နဲ့ ငြိသွားရင် ပြန်ဖို့ ပါ မေ့သွားလိမ့်မယ်”

အောင်က ပန်းချီ့လက်ကိုဆွဲ၍ အိမ်ပေါ်ထပ်ကို သွားဖို့ ခြေလှမ်းပြင်သည် ။ ဒေါ်နှင်းယုက ပြုံးမဲ့မဲ့နှင့် ...

“အဲဒီလိုပါပဲ သမီးရယ် ... အန်တီတို့ မှာ ပျင်းလို့ တောင် တိုးတိုးဖော်မရှိပါဘူး၊ နားထောင်မယ့်လူ ရှိတာတောင် ခုလိုမျိုး လုပ်တတ်တာတွေပေါ့၊ ဟွန်း ... သူ့အဖေအကြောင်း နည်းနည်းလေးမှ အတင်းတုပ်ကြည့်လို့ မရဘူး”

သူ့ဟာသူ ပြောပြီး ရယ်ကာ ဒေါ်နှင်းယုကပဲ ထထွက်သွားရှာပါ၏။ ပန်းချီက လက်ကို ရုန်းလိုက်ကာ ...

“ငါ အပေါ် မလိုက်တော့ဘူး၊ နင့်မွေးနေ့အတွက် ငါ ဝယ်စရာ ရှိသေးတယ်၊ ပြီးတော့ ညအတွက် မီအောင် ပန်းတွေ ပြင်ဆင်ရဦးမှာ ...”

“ဟင် ... ပန်းပြာသာဒ်ဆို ... ငါ့ကို ဒီမှာ လာလုပ်ပေးမှာ မဟုတ်ဘူးလား၊ အခု လာတာက ...”

“ဒါက ညစ္ဆေ့ခံပွဲမှာ နင့်အတွက် ဆူဇီက သစ်ကိုင်းခြောက်လေးမှာ ပန်းပွင့်လေးတွေကို ခရစ္စမတ်ပင်ပုံစံ လိုက်ထိုးပေးမှာ ဆိုလို့ လာပို့တာ . ..”

“ဆူဇီက ...”

“အင်း ...”

“သူက ပြောလို့ လား ... ထိုးတတ်မှာ လည်း မဟုတ်ဘဲနဲ့ ”

“နင်ကလည်း ဆူဇီက ပန်းချီအရမ်းတော်တဲ့ ဟာ ... မတတ်ဘဲနေမလား ၊ သူ ဒီဘက် ကူးမလာဘူးလား ...”

"မနက်စောစောက လာတယ်၊ ဘာမှ ပြောမသွားပါဘူး"

"အဲဒါတွေ သူ့ကို မြန်မြန်သွားပေးလိုက် ... ငါ ပြန်တော့မယ်"

ဆူဇီက အောင်နဲ့ ခြံချင်းကပ်လျက်ဖြစ်ကာ ပန်းချီကတော့ ဟိုဘက်လမ်းမှာ နေတာ ဖြစ်သည် ။ ဒီနားမှာ အောင်ရယ် ... ဆူဇီရယ် ... ပန်းချီတို့ သုံးယောက်ဟာ မနီးမဝေး နေဖြစ်ခဲ့ကြပြီး ငယ်သူငယ်ချင်းတွေ မဟုတ်ဘဲ သံယောဇဉ်ကြီးနေကြတာ ဖြစ်သည် ။

အောင်က ပန်းချီရဲ့ ဆလင်းဘက်ခ်ကြိုးလေးကို ဆုပ်ကိုင်ထားရင်း ခြံဝထိ ပါလာကာ ...

"ငါက မနက်တုန်းက ဘုန်းကြီးဆွမ်းကပ်လည်း နင် မလာလို့ ၊ မုန့်တွေ ချန်ထားတာ ကျွေးမလို့ ဟာ ..."

"အကျန်တွေ စုကျုံးထားပြီးတော့လား"

"အေးပေါ့ ... အမိုက်ပုံထဲရောက်ရင် ညစ်ပတ်ကုန်မှာ ကို ..."

တမင် လိုက်ရွဲ့ပြောပြီး လက်မောင်းကိုပါ ထုပစ်ကာ အောင်က ရယ်သည် ။

"ဘီလီယံရောလို့ မေးနေတာ မဖြေသေးဘူး"

"ပါမလာဘူး ... အဲဒီကောင် မေမေ ဆူထားလို့ စိတ်ကောက်နေတာ ...."

"ငါက နင့်ကို ဘီလီယံနဲ့ တွဲလျက်လေး မြင်ရတဲ့ ပုံရိပ်လေးက ပိုလှတယ် ထင်တာ ..."

"တစ်ခါတည်း သဘောတူလိုက်ပါလားဟင် ... စုံတွဲလေး"

"အဲဒီလိုတော့ ဘယ်ရမလဲ ...၊ ငါ့သူငယ်ချင်းကို ခွေးရဲ့ ဇနီး ပေးလုပ်

စရာလား ...”

“တော်သေးတာပေါ့ ”

“ဟဲ့ ... ဘီလီယံက အရမ်းလိမ္မာတာကို ... မာမီတောင်မှ သူ့ကို မြင်တိုင်း အဲဒီလိုခွေးလေးမျိုး လိမ္မာသိတတ်ပြီးသားလေး ရမယ်ဆိုရင် လိုချင်လိုက်တာတဲ့ ၊ ကိုယ့်ကို ချစ်အောင် ... အားလုံး သိတတ်နေအောင် သင်နေရမှာ ကိုယ့်အစွမ်းအစနဲ့ မဖြစ်နိုင်မှန်း သိလို့ တဲ့ ၊ အဲဒီလို ခွေးလေး မွေးထားတာကမှ တိုးတိုးဖော် ဖြစ်ချင်ဖြစ်ဦးမယ်၊ အိမ်က သမီးကတော့ တိုးတိုးဖော်လည်း မဖြစ်၊ ကျယ်ကျယ်ဖော်လည်း မရတဲ့ ...”

အောင်တို့ စကားပြောပြီဆို ပြောလိုက်တဲ့ လူရဲ့ လေလုံးအတိုင်း တစ်ထပ်တည်းကျအောင် သရုပ်ဆောင်ခြင်းနှင့်အတူ ပြောနိုင်လေသည် ။ ထို့ကြောင့် ခင်စရာကောင်းတဲ့ သူငယ်ချင်း ဖြစ်၏။

“ခွေးမွေးချင်တာတောင် အတင်းပြောဖော် လိုချင်လို့ ထင်တယ်သိလား ...၊ ဒက်ဒီအကြောင်းတွေလေ ...”

ပခုံးချင်းတိုက်ပြီး ကပ်ပြောလိုက်သေးသည် ။ ပန်းချီ ခြံထဲက ထွက်ခဲ့တာတောင် ရယ်နေလက်စက မပျောက်နိုင် ...။

မနက်ဖြန်တွေကို ကြိုမသိနိုင်တော့ ခြေလှမ်းတိုင်းက လှနေခဲ့သည် ။

* * *

## အခန်း (၂)

"ပြဿနာရှာတော့ ငါက ဂရုစိုက်ရမှာ လား ...၊ နားစမ်းပါ ... ဟွန်း ...."

"အေးပေါ့ ... မင်းက ဂရုမစိုက်တတ်တဲ့ ကောင်ကိုး၊ သွားပြီကွာ ... အဲဒီခွင်ကို ပေါက်စ ဆိုတဲ့ ကောင် လုပ်ပေးတာ၊ ငါ လုပ်သွားတယ်ပဲ မှတ်တာကို မင်းနဲ့ လွဲချလို့ လည်း မရ ..."

"ဘာလို့ မရရမှာ လဲ ... ရှောင်မလွတ်တော့လို့ လွှဲပေးလိုက်ရတယ် ပြောလိုက်၊ ငါ့ဆီလာရင် ငါ ရှင်းမယ်"

"ဟာ ... မင်း ပြောသလောက် မလွယ်လို့ ပေါ့ နေ့စွဲရာ ..."

လင်းခ ရှုံ့မဲ့လျက် တိုင်ကိုမှီချလိုက်ပြီး ခေါင်းတခါခါ ဖြစ်နေသည် ။ တကယ် အလစ်သမားစစ်စစ်က သူပဲဖြစ်ကာ နေ့စွဲက ဟိုဟာလည်း မဟုတ်၊ ဒီဟာလည်း မဟုတ်၊ ဘယ်ဟာမှ မည်မည်ရရ မဟုတ်သော ဂျစ်တိဂျစ်ကန်ကောင် ...။

ခါးပိုက်နှိုက်နဲ့ လူဆိုး ပေါင်းမိနေကြပေမယ့် သူသာလျှင် ကိုယ့်ရဲ့ အလစ်သမားဂုဏ်ပုဒ်ကြီးနဲ့ တခမ်းတနား တစိုက်မတ်မတ် နေလာခဲ့တာဖြစ်လျက် နေ့စွဲက သူ့ဘေးမှာ ဟိုယောင်ယောင် ဒီယောင်ယောင် ကပ်ပါလာတာ သိပ်မကြာသေးပေ ...။

"ကျောင်းတုန်းက သူငယ်ချင်း ဖြစ်ဖူးပေမယ့် မင်းက ပထမနှစ်ထိ

ရောက်လိုက်သေးတယ်၊ ငါက ရှစ်တန်းတောင် အောင်ခဲ့တာ မဟုတ်ဘူး ... အခု ခါးပိုက်နှိုက် ဖြစ်နေပြန်ပြီ၊ မင်း ငါနဲ့ တွဲရင် ပဲ့မှာ နော်”လို့ ပြောတော့ နေ့စွဲက ရယ်သည် ။

“ငါကရော လူကောင်း ဟုတ်လို့ လား ... လောင်းကစားအစုံ ကျွမ်းကျင်တယ်၊ မသောက်ဘူး ... မစားဘူးတာ ဘာမှ မရှိဘူး၊ ငါကြောက်လို့ ရှောင်တာ တစ်ခုပဲ ... အဲဒါ မိန်းမ”တဲ့ ...။

“လောကမှာ လူဆိုးဖြစ်ခွင့်သက်တမ်းလေး တိုမှာ စိုးလို့ ”လို့ ပြောတော့ ဒါ တစ်ခုတော့ ကြောက်သားလို့ သူ တွေးမိခဲ့သေးသည် ။

ဒါပေမဲ့ တစ်ခု ထူးဆန်းတာက နေ့စွဲဆိုတဲ့ ကောင် ပါးစပ်ထဲမှာ 'ရေခန်းနေလို့ 'ဆိုတဲ့ စကား ဘယ်တော့မှ မကြားရသလို သူ့လက်ထဲမှာ ပိုက်ဆံပြတ်တယ်ဆိုတာလည်း မရှိ ...။

ကိုယ့်မှာ ငွေရလွယ်နေတဲ့ အလုပ်ကြီးအကိုင်ကြီး ရှိနေပေမယ့် လက်ဖက်ရည်တောင် မသောက်နိုင်တဲ့ အထိ မကြာခဏ ပြတ်လပ်နေတတ်တာက သူသာ ဖြစ်လေသည် ။ ထိုအချိန်များမှာ နေ့စွဲကို မြင်လိုက်ရပြီဆို နတ်သားတစ်ပါး မိုးပေါ်ကနေ ဘွားခနဲ ကျလာတဲ့ အတိုင်း ...။

“မင်းမှာ အလုပ်မရှိဘူး ... လမ်းပေါ်မှာ ပဲလို့ သာ ကြားကြားနေရတယ် ရေမခန်းပါလား”လို့ သူ ပြောခဲ့ဖူးသည် ။

“မိဘမဲ့ ဘွဲ့မရတာနဲ့ ပဲ ဘဝပျက်စရာလားကွ ... ငွေ ဘာဖြစ်လဲ၊ ရှာနိုင်ရင် တွေ့တယ်၊ ကြံတတ်ရင် ရတယ်၊ မင်းလို ဖတ်ဖတ်မောဖို့ မလိုဘူး”လို့ ပြန်ပြောခဲ့တဲ့ ကောင် ...။

အပူအပင်ကင်းစွာ ကော်ဖီသောက်နေသည့် နေ့စွဲမျက်နှာကို ကြည့်ရ

င်း သူ့မှာ ကိုယ် ဖြေရှင်းရမည့်ပြဿနာနဲ့ စပ်လျဉ်းသော နေ့စွဲအကြောင်းတွေ လျှောက်တွေးနေမိတာ တစ်တန်းကြီး ...။

"အဲဒီကြိုး ဘယ်လောက်တန်လဲ မင်းသိလား ... စိန်လော့ကတ်နဲ့ ..."

"ဘယ်သိမလဲ ... ငါမှ စိန် မကိုင်ဖူးတာ၊ မင်း သိလို့ လား ..."

"မသိဘူး ..."

နေ့စွဲက မျက်လွှာပင့်မကြည့်ဘဲ မဲ့သည် ၊ မဲ့နေသည့်နှုတ်ခမ်းမှာ စီးကရက်တို ထိရုံလေး ကပ်ဖိထားပြီး မီးညှိ၏။

မျက်နှာက ခပ်သွယ်သွယ်ဖြစ်ကာ နှာတံက သိသာအောင် ထင်းနေသည် ။ မျက်ခုံးကထူပေမယ့် ကြည့်ရဆိုးရလောက်အောင် မဟုတ်ဘဲ မျက်တောင်တွေ ကော့နေတော့ ရုတ်တရက်ဆို ကုလားလိုလို ကပြားလိုလို ...။

ထို့ပြင် နှုတ်ခမ်းတွေက ထူနေသေးသည် ။ အလှမပျက်တာက ထောင့်ချိုးတွေ ထင်းနေအောင် သေသပ်ကျနနေခြင်းကြောင့် တချို့က နှုတ်ခမ်းကြောင့် ပိုချောတာလို့ တောင် ပြောကြဖူးသည် ။

ပြီးတော့ ဆံပင်က လှိုင်းသေးလေးတွေနှင့် ကောက်နေကာ နားသယ်စပ်တွေကိုပဲ လက်အားတိုင်း မကြာခဏ ထိုးသိပ်ဖိနေတတ်သဖြင့် အလယ်ခွဲထားသည့် ထိပ်မှာ နည်းနည်းပွပြီး ကုပ်ထောက် အရှည်နားမှာ ပွရောင်းရောင်း ...။

နေ့စွဲရဲ့ မျက်နှာသာ အချိန်ပြည့် မှုန်ကုပ်ကုပ် ရှုတည်တည် ဖြစ်မနေခဲ့လျှင်၊ စိမ်းနုသည့် မွေးညင်းတွေ မေးဖျားမှာ ရှိမနေခဲ့ဘူးဆိုလျှင် ပိန်သည့်ဘက်ကိုလုသည့် ခပ်သွယ်သွယ် မြင့်မြင့်ပုံစံက မိန်းမလျာလို့ တောင် ထင်ဖွယ်ရှိသည် လို့ လည်း စခဲ့ကြတာ ရှိဖူး၏။

တကယ်တော့ နေ့စွဲ ဆိုတဲ့ ကောင်အကြောင်း မသိကြလို့ ပါ။ သူက တော့ သိ လာလေ လက်လန်လေ ...။

“သောက်လေ ... လည်နှင်နေတာတွေ လက်ဖက်ရည်နဲ့ မျှောချလိုက် ”

အေးနေရှာပြီဖြစ်သည့် လက်ဖက်ရည် ပန်းကန်ရှေ့မှာ ထားလျက် ငုတ်တုတ်မေ့နေသည့် သူ့ကို နေ့စွဲက မချိုမချဉ်မျက်နှာနှင့် ...

“စိန်ဆွဲကြိုး ရမလာလည်း မင်း ဗိုက်ဝအောင်တော့ ငါ ကျွေးနိုင်ပါတယ်၊ ဒီနေ့ည ဂျက်တို့ အုပ်စုနဲ့ ကစားမယ့်ပွဲ ရှိတယ် ... သေချာပါတယ် ... ငါ နိုင်မှာ ”

“မင်း မသေချာတာ ရှိခဲ့ဖူးလား ...”

“ငါ ကျွေးတာတွေ မျိုနေပြီး မစော်ကားနဲ့ ...”

“စော်ကားမှ ဖြစ်မှာ မို့လို့ လေ ...၊ မင်းမှာ အမြဲတမ်း လာဘ်ရွှင်နေတာ မင်းကုသိုလ်နဲ့ မင်း၊ ငါ့မှာ ဒီနေ့ လောင်ပြီ ... တကယ်ကို အကြီးအကျယ် လောင်မှာ ...”

“လောင်ရင် ငြိမ်းလိုက်ရုံပဲ လင်းခ ...၊ မင်း ဘာမှ ပူမနေနဲ့ ”

“ပစ္စည်းကို ငါက ဘတ်ထားတယ် ထင်မှာ ... မနက်ဖြန် အသက်နဲ့ ခန္ဓာ မြဲနေပ့ါမလားတောင် မသိဘူး၊ ဒီကောင်တွေအကြောင်း မင်းမှ မသိတာ ...”

“သူတို့ အကြောင်း မသိပေမယ့် ငါ မင်းအကြောင်းတော့ သိပါတယ်”

“ဘာသိတာလဲ ... ”

“လောလောဆယ် ကြိုးဆွဲချသေဖို့ ကြံစည်နေတဲ့ အထိ ...”

လင်းခ မျက်နှာ ခုမှ တကယ် ငိုမဲ့မဲ့ဖြစ်သွားတာ ဖြစ်၏။

"မင်းကွာ ... ပြေးမိကာမှ တော့ ပစ္စည်းကို ပါအောင် ယူခဲ့ပါတော့လား ..."

"အခု ပြေးလို့ မလွတ်ဘူးလို့ ငါ ပြောနေတာ ... မင်း မယုံဘူးလား"

"ယုံတယ်လေ ... ဒါပေမဲ့ ကိုယ်သိသာစေတဲ့ နေရာ တစ်ခုခုမှာ ..."

"အဲဒီလို မှတ်သားပြီး ဝှက်ထားခဲ့ဖို့ အချိန်မရလို့ ပါဆို ..."

ပြောပြနေလိုက်တာ သွားလာရင်း မီးခြစ် ကျကျန်နေခဲ့တဲ့ အတိုင်း ...။

"ကောင်မလေးအိတ်ထဲ ထည့်ပစ်ခဲ့ဖို့ တော့ မင်း အချိန်ရတာပဲလေ ..."

"အချိန်မရဘဲ ထည့်ခဲ့တာ၊ သူ့ကို ပစ်စလက်ခတ် ဝင်တိုက်မိပြီး ဝရုန်းသုန်းကား ဖြစ်သွားတာက ကြံစည်ချိန် မကုန်လိုက်ဘဲ ရခဲ့တဲ့ အခွင့်အရေး ..."

"ဩော် ... စိန်ကြိုး သူများ လက်ထဲ ထည့်ခဲ့နိုင်တာ အခွင့်အရေး ဟုတ်လား ..."

"ဟုတ်တယ် ... သူ့ပန်းတွေ လွတ်ကျကုန်တော့ ကောင်မလေးက ဖျတ်ခနဲ ထိုင်ချလိုက်တာ သူ့အိတ်လေးက ဘေးကပ်အိတ်လေးဖွင့်လို့ ... အဲဒါနဲ့ အသာလေး ထည့်ခဲ့တာလေ၊ လွတ်ရာတစ်နေရာမှာ ကွယ်နေလိုက်ရင် သိပ်မကြာခင် ကောင်မလေးနောက် ဆက်လိုက်ရုံပဲ"

"ဩော် ... ဩော် ..."

ဒေါကန်နေတဲ့ မျက်နှာကို နေ့စွဲက ဂရုမစိုက်သည့် အကြည့်နှင့် ...

"ငါ တမင် ကပ်ပုန်းလိုက်တာကို ဒီကောင်မလေးပဲ ချွန်လိုက်တာ ...၊ ပြေးပေါက်ပိတ်ပြီး ကြာကန်ထဲ ဆင်း ... နှာခေါင်းဖော်နေရတာ အကြာကြီး"

"သေသွားသင့်တာ ..."

"မင်း ပို့သတဲ့ မေတ္တာကြောင့် မသေခဲ့ဘူး၊ ငါက အမြဲတမ်း အင်္ကျီ ဘောင်းဘီတွေ နှစ်ထပ်သုံးထပ် ဝတ်တတ်တဲ့ အကျင့်ကောင်းလေး ရှိထားလို့ လည်း ကြာကန်ထဲက ပြန်တက်လာတဲ့ ကောင်မှန်း ဘယ်သူမှ မရိပ်မိအောင် အဆင်ပြေသွားတယ်"

"ရေက တစ်လွှာပဲ ကွက်စိုသွားတာလား"

"ဘယ်ဟုတ်မလဲ ... အပေါ်ထပ်တွေ ဆွဲချွတ်ပစ်လိုက်ပြီး ပန်းချုံကြားထဲ ထိုးထည့်ထားလိုက်တာ"

"မင်းကွာ ... လူကို မိတာလည်း မဟုတ်ဘူး ၊ ဒါတွေလုပ်ဖို့ တောင် အချိန်ရတာကို ..."

"ဟ ... ငါ လွတ်မယ် မထင်တော့ဘူးလေ၊ ကြာကန်သာ ရှိမနေရင် ဒီ ပစ္စည်းနဲ့ လက်ပူးလက်ကြပ် မိမှာ ၊ လူချည်းပဲမိရင် ပြန်လွတ်ဖို့ လမ်း ရှိသေးတယ်၊ အစကတည်းက ငါ မင်းတို့လို လမ်းကြောင်းတွေ မကျွမ်း ဘူး၊ ဒါမျိုးတွေ မလုပ်ဘူးလို့ ပြောပြီးသား ..."

ဓာတ်ဘူးထဲက ရေနွေးဖွင့်ထည့်ကာ သောက်ထားသည့် ကော်ဖီပန်းကန်ကို တစ်ချက်လောက်လှုပ်ပြီး ကျင်းလိုက်သည် ။ ပြီးတော့ စားပွဲအောက်ခြေနားကို ပက်လိုက်၏။

အလယ်လမ်းအတိုင်း ဆိုင်ထဲဝင်လာသည့် လူတစ်ယောက်၏ ခြေထောက်တစ်ခြမ်းလုံး ရေနွေးစက်တွေ ဖျန်းခနဲ စဉ်သွားလျှင် ...

"ဆောရီး ..."

ခပ်တည်တည် မော့ကြည့်ပြီး မေးတစ်ချက်ဆတ်၍ ဆောရီး တစ်ခွန်းပဲ ပြောသည် ။ တစ်ဖက်လူ ကျေနပ်သွားလား ... မသွားလား နည်းနည်းမှ ဂရုမစိုက် ...။

"ပြေးစရာရှိတာ မင်းအလုပ်၊ မင်းနောက်ကြောင်း ရှင်းအောင် ငါ ပိတ်ထားမယ်ဆိုတာ မင်းကို ..."

"ဒီလိုလုပ်ရတာကို ပုံသေ သတ်မှတ်ထားလို့ ရမလား နေ့စွဲ ... မင်း တကယ်ကို လက်ပေါက်ကတ်တဲ့ ကောင်"

"လက်ပေါက်ကတ်နေတာက မင်း ၊ မင်းက ငါ့ကိုကျတော့ နောက်ကြောင်းရှင်းအောင် ဘာလုပ်ပေးလဲ ..."

"ငါက ဖြုတ်ယူလိုက်တဲ့ ကောင်လေ ... မင်းလို မတိုက်ရဲ ... မဖိုက်ရဲ ဘူးဆိုတာလည်း ဝန်ခံထားသားနဲ့ ..."

နေ့စွဲက လူအုပ်ကို ကွဲထွက်သွားအောင် ပြဿနာရှာရဲသူပါ၊ ဒါမှ မဟုတ် တစ်ယောက် နှစ်ယောက်လောက်ကို ရှေ့ကဖြတ်တိုက် ပစ်ရမလား ...၊ ခြေချင်းချိတ်ပြီး ပွဲဆူအောင် ဖွပစ်ခြင်းဖြင့် လိုက်ကြမယ့် သူတွေကို အချိန်ဆွဲမည်၊ နှောင့်ယှက်ထားမည်။ ကျန်တာက ပြေးသင့်ရင် ပြေး ...၊ အခန့်လိုင်းကြီးနဲ့ ရှောင်ထွက်ရင် ထွက် ...။

သူက ဘာလုပ်လုပ် ရပ်ပျက်ဆင်းပျက် ဖြစ်ချင်တဲ့ သူ မဟုတ် ...။

"ကဲ ... မင်း ဒီနေ့ တစ်နေရာ ရှောင်နေလိုက် ...၊ ငါ ဟိုကောင်မလေး ကို တွေ့လိုတွေ့ငြား ရှာလိုက်ဦးမယ်"

ပြေးလွှားရတာ မောလှတယ်ဆိုပြီး လက်ဖက်ရည်ဆိုင်မှာ တမေ့တမော နေသည် ။ ခုကျမှ ကောင်မလေး သွားရှာမလို့ တဲ့ ...။

“မင်း အစတည်းက ကြာကန်က တက် လာပြီး အဲဒီလို လိုက်ပါလား ”

စိတ်လှုပ်ရှားနေရင် ကိုယ့်ကိုသိလို့ ရှေ့မှာ လာပြီး သွားဖြဲရယ်ပြနေရင်တောင် အဲဒီမျက်နှာကြီးကို မြင်ချင်မှ မြင်တာ ... ယောက်ယက် မတိုက်စမ်းပါနဲ့၊ ဥစ္စာရင်းမှန်ရင် ပြန်ရမှာ ပါ”

“ဩော် ... အလစ်သုတ်လာတာကို ဥစ္စာရင်း မှန်ရဦးမယ် ဟုတ်လား ...”

“ဟား ... ဟား ...”

နေ့စွဲက ထရပ်လိုက်ပြီး ရယ်ကာ လင်းခ နှုတ်ခမ်းကို လက်ခုံနဲ့ မထိတထိ လှမ်းရိုက်သည် ။

“တိုးတိုးပြော ... ငါထသွားမှ မင်းကို အလစ်သမားဆိုပြီး လာဆွဲရင် ငါ တာဝန်ယူနိုင်မှာ မဟုတ်ဘူး ...”

“ခုလည်း ငါ ခံရတော့မှာ အသေလား ... အရှင်လားပဲ၊ မင်းကွာ ... ငါတော့ သွားပါပြီ၊ ဘယ်မှာ ပုန်းနေနေ ဒီကောင်တွေ ငါ့ဆီ ရောက်လာကြမှာ ပဲ”

“ကိုယ့်အသက်လေးတော့ လုံခြုံအောင် ထားနိုင်မှာ ပေါ့”

“ပြောပုံက ရယ်ကျဲကျဲ ... ဘာမှ အလေးအနက် မရှိ ...။ ဘယ်ရှိမလဲ ... သူ ကြောက်တဲ့ သူမှ မရှိတာ ...။

ရှုံ့မဲ့မဲ့ မျက်စောင်းတစ်ချက်နှင့် မျက်နှာ ပြန်ငုံ့လိုက်တော့ နေ့စွဲ ချထားပေးခဲ့သည့် ထောင်တန်တွေ အကွေး လိုက်လေးက သူ့ရှေ့မှာ ...။

ကောင်းပါတယ် .... မသေခင် စားသောက်ဖို့ လေးပါ ...။

* * *

## အခန်း (၃)

ကားက အရမ်းတော့ မကျပ်ပေမယ့် လူတွေက တစ်နေရာတည်းမှာ စုထပ်တိုးနေကြတော့ နေရခက်၏။ ထို့ကြောင့် မှတ်တိုင်တစ်ခုမှာ ကားရပ်လိုက်တုန်း ပန်းချီ နောက်ပိုင်းထိတိုးဝင်ပြီး နေရာယူလိုက်သည် ။

နည်းနည်း အသက်ရှူချောင်သွားလို့ ဆလင်းဘက်ခ်ကို ပခုံးပေါ် ထပ်ဆွဲတင်ကာ ဆွဲလာသည့် အိတ်လေးကို ဘယ်ညာပြောင်းပြီး လက်ကိုင်ကွင်းကို လှမ်းကိုင်လိုက်စဉ် ...

"ဟယ် ... ငါ့ဆွဲကြိုး ... ငါ့ရွှေဆွဲကြိုး မရှိတော့ဘူး၊ အမလေးတော် ... အဲဒါ နှစ်ကျပ်ခွဲသားတောင်ရှိတာ လုပ်ကြပါဦး၊ ကားဆရာကို ပြောပေးပါဦး ဘယ်သူမှ မဆင်းပါစေနဲ့ ... ငါ့ဆွဲကြိုးကို ရှာပေးပါ"

"ဟား ..."

စပယ်ယာ၏ စိတ်ပျက်စွာ ညည်းတွားသံက ဆွဲကြိုးဖြတ်ခံရသူ၏ အသံနောက်မှာ ဆက်တိုက် ကပ်ပါ၏။ ပန်းချီ ကိုယ်တိုင် ကိုယ့်ဘေးကနေ ကပ်အော်လိုက်သည့် အသံကြောင့် နားထဲမှာ အူသွားသလို စိတ်လည်း ညစ်သွားမိသည် ။

မွေးနေ့အတွက် ပြင်ဆင်ရဦးမှာ နဲ့ ...၊ ကိုယ်ပြန်တာ နောက်ကျနေတာနဲ့ ခုတော့ ပိုဆိုးပြီ ...။

နောက်ထပ် ကြန့်ကြာမယ့်အချိန်တွေကို မတွေးရဲလောက်အောင် ဖြ

စ်သွားကာ အော်ဟစ်လိုက်သည့် အမျိုးသမီးကြီးကိုပဲ ကြည့်နေမိတော့သည် ။ လက်ကောက်တွေက ဆယ်ကွင်းကျော်လောက် ရှိသည် ။ လက်စွပ်တွေလည်း ထပ်ညပ်နေအောင် ဝတ်ထားတာ ကျောက်ရောင်စုံပင် … ။

“လုပ်ပါဦး … စပယ်ယာကောင်လေး … လုပ်လေ … ကားရပ်ခိုင်းလိုက်ပါ၊ ဘယ်သူမှ မဆင်းပါစေနဲ့ … ရဲစခန်းထိ မောင်းရရင် ပိုဆိုးမှာ နော် …၊ နင်တို့ မှာ တာဝန်ရှိတယ် … လုပ်ပေး …”

“ကားဆရာ နည်းနည်း တံ့လိုက်ဦးဗျို့ … အထဲမှာ ဖြောက်အိုးကွဲနေပြီ …”

“ဘယ်က ဖြောက်အိုးရမှာ လဲ …၊ အဲဒါ လက်ပစ်ဗုံး … ငါ့ကြိုး ပြန်မရရင်တော့ ရဲစခန်းထိ ငါက ခေါ်မှာ ပဲ”

အမျိုးသမီးကြီးက အသံတွေပါ တုန်နေသည် ။

ကားက လွတ်ကင်းရာမှာ တအိအိ ထိုးရပ်သွား၏။ ဒရိုင်ဘာကိုယ်တိုင် နောက်လှည့်ကြည့်လျက် …

“ဘာတွေ ဖြစ်နေတာလဲ …”

“ဒီမှာ ဆွဲကြိုးဖြတ်လို့ တဲ့ ဆရာ …၊ လုပ်ပေးလိုက်ဦး … မှတ်တိုင်ဆုံးကာနီးကျမှ ပြန်ခေါက်နေရလိမ့်မယ်၊ ကျွန်တော် ပိုက်ဆံကောက်နေလို့ …”

“ပြဿနာဖြစ်နေတာကို မင်းက ပိုက်ဆံကောက်နေရလား …”

စပယ်ယာက အမျိုးသမီးနားထိ ရောက် လာပြီမို့ ပိုက်ဆံ အထပ်လိုက်ကို ရေတွက်ရင်း မကြည်ကြည့်နှင့် ကြည့်၏။

"အဒေါ်ကိစ္စကို ရှင်းပေးရင် ပြီးတာပဲမို့လား ...၊ ကျွန်တော်တို့ က လူတွေ အဆင်ပြေအောင် မော်တော်ယာဉ်ကုသိုလ် လုပ်နေတာ မဟုတ်ဘူး ၊ ခရီးသည် တင်တဲ့ ဘတ်စ်ကား ..."

"အမလေး ... မင်းတို့ တာဝန်မဲ့လှချေလား ...၊ ဒီကားပေါ်က တစ်ယောက်မှ ဆင်းသွားလို့ မရအောင် တားထားပေးရဦးမယ်၊ အိတ်တွေထဲကို ရှာပေးရမယ် ... အဲဒါ တစ်ယောက်တည်းနဲ့ ရမလား ..."

"ရတာ ... မရတာ ဒေါ်ကြီးအလုပ်လားဗျာ ... စိတ်ပိန်လိုက်တာ၊ ခင်ဗျားဆွဲကြိုး ဒီကားပေါ်မှာ ဖြတ်ခံရတာမှန်ရင် ပြန်တွေ့မှာ ပဲ"

"ဒီကျမှ ပျောက်သွားတာ ...၊ ငါ့ကြိုးက ရွှေနှစ်ကျပ်ခွဲသား အလေးချိန်ရှိတာ၊ လည်ပင်းမှာ မရှိတာနဲ့ တန်းသိတယ်"

"သိရင်လည်း လုပ်ပါ မြန်မြန် ... အားလုံးကို သေချာရှာပေး ..."

"ဘာကို သေချာရှာလဲ ...၊ အိတ်တွေကို ဖွင့်ကြည့်ပေါ့ ... အိမ်ပြန်နောက်ကျရတဲ့ အထဲ ..."

တစ်ယောက်တစ်ပေါက် ပြောသံတွေ ဆူညံလာ၏။ စပယ်ယာကလည်း ပိုက်ဆံရေရင်း ဆက်ပဲ တောင်းရမလို ...၊ အမျိုးသမီးကြီး ပြောနေတာကိုပဲ နားခံရမလိုနှင့်။ ပန်းချီနဲ့ အမျိုးသမီးကြီးရှေ့မှာ ပဲ ရှိနေရာ ...။

"ဒီမှာ ကားခ ရော့ ..."

ကားရပ်နေတုန်း ပိုက်ဆံနှိုက်ရလွယ်တာကို သတိရကာ ကိုင်ထားသည့်လက်ကို လွှတ်၍ ထိုလက်နဲ့ ပဲ ဆလင်းဘက်ခ် ဘေးအိတ်ထဲကို နှိုက်လိုက်သည် ။

လိုင်းကားစီးတဲ့ အခါ အလွယ်တကူ ထုတ်လို့ ရအောင် ပိုက်ဆံအကြွေတွေ ထည့်ထားတာမို့ ကိုယ့်အိတ်ကို ကြည့်စရာမလိုဘဲ နှိုက်

က်ယူလိုက်လျှင် ...

"အယ် ..."

ပန်းချီ့ လက်ထဲမှာ နှစ်ရာတန် တစ်ရွက်နှင့်အတူ တန်းလန်းပါလာသည့် ဆွဲကြိုးတစ်ကုံး ...၊

"ဟင် ... ဒီမှာ ဆွဲကြိုး ..."

အမျိုးသမီးကြီးအသံကြောင့် အားလုံး၏ အကြည့်တွေ ပန်းချီ ကိုင်ထားဆဲလက်ဆီကို စုပြုံရောက်လာကြ၏။ အနီးဆုံးမှာ ရှိနေသည့် စပယ်ယာကိုယ်တိုင် သူ စောင့်နေလိုက်တာက ပိုက်ဆံ ...၊ တကယ် ပါလာတော့ ဆွဲကြိုးတန်းလန်းမို့ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည် ။

"တွေ့ပြီလား ... ရှာတောင် မရှာရသေးဘူး"

"အယ် ... ကြည့်စမ်း ... ပစ္စည်းယူပြီး အနားမှာ ပဲ ခပ်တည်တည် နေတာနော် ..."

"အေးလေ ... မထင်ရဘူး"

စကားသံတွေ ပေါ်ပေါ်တင်တင်ကြီး ဝင်လာမှ ပန်းချီ ကိုယ့်ကိုယ်ကို ဘယ်ဘဝ ရောက်သွားပြီမှန်း နားလည်လိုက်၏။

" မဟုတ်ဘူး ... မဟုတ်ဘူး ..."

ကမူးရှူးထိုး ငြင်းလိုက်မိတာ ကယောင်ကတမ်းကြီး ဖြစ်သွားသည် ။ တကယ်ကို သူခိုး လူမိတာမျိုး ဖြစ်သွားခဲ့၏။ ဒါပေမဲ့ ကိုယ်မှ မသိတာ ဘာလို့ ဝန်ခံရမှာ လဲ ...။

ဒီဆွဲကြိုး ကိုယ့်အိတ်ထဲ ဘယ်လိုနည်းနဲ့ ပဲ ရောက်နေနေ ကိုယ် ဘာမှ မကျူးလွန်ရဘဲနဲ့ ...

"စိန်လော့ကတ်နဲ့ ပဲ ... ကောင်းလိုက်တဲ့ စိန် ..."

"ဟုတ်ပ ... အနည်းဆုံး သိန်းအစိတ်လောက် ရှိမယ်"

တိခနဲ ငြိမ်ကျသွားပြီး တီးတိုးသံတွေကြောင့် ခေါင်းထောင် လာကြပြန်သည်။

"ဒါ ... ကျွန်မအိတ်ထဲ ရောက်နေတာ ကျွန်မ လုံးဝ ..."

"ကဲပါ ... အစ်မလည်း စိတ်တော့မရှိပါနဲ့ ... ပြဿနာ မဖြစ်ရအောင် ပစ္စည်းကို သူ့ပိုင်ရှင်လက်ထဲ ပြန်ထည့်လိုက်ပါ၊ မိန်းကလေး ဖြစ်နေ တော့ ဒေါ်ကြီးကလည်း ပစ္စည်းပြန်ရရင် ကျေနပ်လိုက်တော့ဗျာ ... တခြားခရီးသည် တွေ ရှိသေးလို့ အားလုံးအတွက် ပြောတာပါ"

"ရှင်က ဘာတွေ ပြောနေတာလဲ ...၊ ဒါ ကျွန်မအိတ်ထဲ ဘယ်လိုလုပ် ရောက်နေမှန်း ကျွန်မ လုံးဝကို မသိဘူး"

"ဟုတ်တယ်လေ ... သိသိမသိသိ အခု ပိုင်ရှင်ပေါ်ပြီမို့လို့ အေးဆေး ပြန်ပေးလိုက်ဖို့ ပြောတာပဲ၊ ကျွန်တော်တို့ က မိန်းကလေး တစ်ယောက် အတွက် စာနာစိတ်နဲ့ အများကြီး ညှာထားတာ"

"အဲဒါကိုက မဟုတ်တာ ... ကျွန်မ ..."

ကိုယ်က လူမိနေလို့ ပြန်ပေးလိုက်ရတော့မယ့် အဖြစ်မျိုးနဲ့ ထိတ်ထိ တ်လန့်လန့် ပြန်ပေးလိုက်ရလျှင် သူမဘဝ တစ်သက်လုံး ခေါင်းဖော်ရဲ တော့မှာ မဟုတ် ...။

ဒါပေမဲ့ ငြင်းနေလေ ... ပိုဆိုးလေ ဖြစ်တော့မှာ လည်း သေချာနေလျှ က် ဆွဲကြိုးကို ကိုင်ရင်း ကမ္ဘာပြိုမလို ဖြစ်နေဆဲ ...

"မင်း ဘာလုပ်တာလဲ ချစ် ..."

လူရိပ်တစ်ရိပ် အနားရောက်လာကာ ပန်းချီ ဆုပ်ကိုင်ထားဆဲ ဆွဲကြိုးတန်းလန်းနှင့် လက်ကို ဖိဆုပ်ကိုင်ထားလိုက်ကာ ...

"ဟင် ..."

"ကိုယ့်ကို စိတ်ဆိုးတာနဲ့ ပဲ ကိုယ် အမြတ်တနိုး ပေးထားတဲ့ ပစ္စည်းကို ဒီပုံစံနဲ့ စွန့်ပစ်လိုက်ဖို့ ကြိုးစားတာလား ..."

"ဟင် ..."

ဒေးခနဲ ကြောင်သွားပေမယ့် ထိုမျက်နှာကို မြင်ဖူးနေသည် ဆိုတာ သိလိုက်သည် ။ ဘယ်မှာ မှန်း မသိ၊ ထိုသူက ဆွဲကြိုးကို မြှောက်ပြလိုက်ပြီးမှ လက်ကလွှတ်၍ အမျိုးသမီးကြီးကို လူမိုက် စိန်ခေါ်တာမျိုး စူးစူးရဲရဲ ကြည့်၍ ...

"အဒေါ်က ကိုယ့်ပစ္စည်းမဟုတ်မှန်း သိရက်နဲ့ ဘာဖြစ်လို့ ဟုတ်သလိုလို ငြိမ်နေတာလဲ ..."

"အံမာ ... မင်းက ..."

"ခင်ဗျားဆွဲကြိုးက ရွှေဆွဲကြိုး နှစ်ကျပ်ခွဲသားဆို ... ဒီမှာ ပလက်တီနမ်ကြိုးပျော့ ပါးပါးလေး ...၊ ဘာလဲ စိန်လော့ကတ် ပါတယ်ဆိုလို့ လောဘတက်သွားတာလား ..."

"ဟဲ့ ... ဘယ်သူကရော ငါ့ဟာပါလို့ ပြောနေလို့ လဲ ..."

"မပြောပေမယ့် မဟုတ်ဘူး လို့ ဝင်ပြောလိုက်ရင် ဒီမှာ သူခိုးထင်ခံရ သက်သာတာပေါ့ ..."

"အထင်မခံရချင်ရင် ငြင်းပါလား ...၊ သူ့မှာ ပါးစပ်ပါတာပဲ၊ မင်းက ဘာလဲ ... မိန်းမကောင်း ရန်တွေ့"

"ပြောပြတာ ..."

"ကဲဗျာ ... တော်ကြပါတော့၊ အဒေါ်ကြီးကရော ဒီကြိုးက အဒေါ်ကြီးဟာ မဟုတ်ဘူး မို့လား ... အဲဒါ စောစောက ပြောလိုက်ရင် ပြီးရော ... စိတ်ပျက်ဖို့ ကောင်းလိုက်တာ ..."

တစ်ကားလုံး ဆူညံပွက်ထကုန်ကာ ပြဿနာ ဘယ်လိုရှင်းရမှန်းမသိ ဖြစ်သွားစဉ် ပျောက်တော်မူသည့် ဆွဲကြိုးက သမီးဖြစ်သူရဲ့ လက်ကိုင်အိတ်ထဲမှာ ပဲ စံနေတော်မူသည့် အဖြစ်မှန် ဘွားဘွား ပေါ်လာခဲ့ပြီး ...၊

"အမေကလည်း ... ဆွဲကြိုးမှာ ချိတ်ပျက်နေလို့ လုပ်ခိုင်းထားပြီး ပန်းထိမ်က ပြန်ယူလာတော့ အမေမှ ပြန်မဝတ်သေးတာ"

"ကြည့်ပါဦးဟယ် ... ငါတို့ မှာ အချိန်တွေကုန် စိတ်ညစ် ..."

"အေးလေ ... သုံးကျပ်သားလောက် ဆွဲကြိုးကြီးကို လျှပ်တစ်ပြက်သာ ဖြတ်ရင် လည်ပင်းပါ ပြတ်မှာ၊ လူ ဒီလောက်မကျပ်ဘဲနဲ့ သေသေချာချာ ဘယ်သူက ဖြတ်နေမှာ လဲ"

"သူ့ကိုပဲ နှောင့်ယှက်မှုနဲ့ တရားပြန်စွဲဖို့ ကောင်းတာ"

ဘာမှ မဟုတ်လောက်ဘူး ထင်သည့် အဖြစ်တစ်ခုဟာ ပန်းချီအတွက် ဘဝပျက်ကိန်း ကြုံရခြင်းသာ ဖြစ်လေသည် ။ ထိုအခါ ရှက်ရွံ့ ခံခက်ရလွန်းသည့် ဒေါသတွေက ဒီဆွဲကြိုးပေါ်မှာ သာ စုပုံနေလျက် ...

"ဟိတ် ... နေဦးလေ ..."

ပြောလက်စ စကားနှင့် ရောသောဆင်းလိုက်လာတာကို သိသည် ။

ထိုသူ ဘယ်သူဆိုတာလည်း မှတ်မိလိုက်ပြီ ဖြစ်၏။ သူခိုးအဖြစ်ကနေ လွတ်မြောက်ဖို့ အဓိကနှင့် မျက်လွှာချ ခေါင်းငုံ့နေခဲ့ရသမျှ ဒီလူကိုချ

က်ချင်း မမှတ်မိခဲ့သည့် ကိုယ့်အဖြစ်ကိုပဲ ဒေါသတွေ ထပ်ဆင့်ပို့လျက် ...

"ဟော့ ... ပြောနေတာ မကြားဘူးလား"

ဆွဲကြိုးကို ကျစ်ကျစ်ဆုပ်ပြီး လမ်းတစ်ဖက်ကို အပြေးတစ်ပိုင်း ဖြတ်ကူးခဲ့သည် ။ ရှေ့နောက် တန်းလျှောက်ပါလာရင်း တတွတ်တွတ် တားဆီးနေခဲ့လျက် သောက်ရေကန်ကြီးတစ်ခုဘေးက ပလက်ဖောင်းပေါ် ရောက်လာကာမှ ...

"မင်းကို ပြောစရာရှိလို့ ခေါ်နေတာ"

နောက်ကနေ ပခုံးတစ်ဖက်ကို ကိုင်မလို မကိုင်သလို လှမ်းပုတ်၍ စိတ်မရှည်သံ ထွက်လာသည် နှင့် ...

"ကဲ ..."

"ဟာ ..."

မျက်ရည်လည်အောင် ရှက်သည့်စိတ်က လူကို ထိလာမှန်း သိလိုက်တာနှင့် နောက်ကိုလှည့်ကာ လက်က ရိပ်ခနဲ မြှောက်တက်သွားတာ မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားခဲ့၏။

ဒါပေမဲ့ ဘယ်လောက်ထိ တိုက်ပွဲ အတွေ့အကြုံတွေ ရင့်သန်နေပြီ မသိသည့် သူ့လက်က သူမထက် ပိုမြန်၏။

"လူကြားထဲမှာ ကယ်တင်ပေးလိုက်တဲ့ အတွက် ကျေးဇူးဆပ်တာလား ..."

ပန်းချီ လက်ကောက်ဝတ်လေးကို ဖမ်းဆုပ်ထားလိုက်ပြီး မာကျောသည့်လေသံနှင့် မေးကာ လက်ကို ပြန်ဆောင့်လွှတ်၏။ ပန်းချီ သူ့ကို စူးစူးရဲရဲ ကြည့်ကာ ...

"နင် ခါးပိုက်နှိုက်လာတဲ့ ပစ္စည်း ငါ့အိတ်ထဲ ထည့်ခဲ့လို့ ဖြစ်ရတာ၊ ငါက ကျေးဇူးဆပ်ရမယ် ... ဟုတ်လား ..."

"ဟား ... မင်း ရိုင်းလှချေလား ..."

"သူခိုး ကြမ်းပိုးအတွက် ယဉ်ကျေးဖို့ ဆုံးမစာ မရှိဘူး၊ ဒီမှာ နင့်ကို နပ်နပ်စဉ်းပြီး ဟိုကန်ထဲ ပစ်ထည့်လိုက်ချင်ပေမယ့် လူမသတ်ရဲသေးလို့ ကံကောင်းသွားတယ် မှတ် ..."

မဲ့ရွဲ့ပြောပြီး ဆွဲကြိုးကို သူ့မျက်နှာရှေ့ ထိုးပြလျက် ...

"ဒါ လိုက်တောင်းတာလား ... မရဘူး ..."

"ဟာ ... ဟာ ... ကြည့်စမ်း ..."

မိုက်ရိုင်းလိုက်တဲ့ မိန်းမ ...၊ ဆွဲကြိုးကို တအားလွှဲပစ်လိုက်တာ သောက်ရေကန်ကြီးဆီ လွင့်ခနဲ ...၊ သူ အချိန်မီ ခုန်ဆွဲလိုက်ပေမယ့် မမိတမိနှင့် လက်လွတ်သွားခဲ့ပြီး တလက်လက် မြောက်တက် ပြန်ကျသွားသည့်နောက်ကို မာရသွန် လိုက်ရတော့သည် ။

ပစ်သည့် အရှိန်အတိုင်းသာဆို အဏ္ဏဝါဗေဒဌာန ပြေးပြီး ရေငုပ်ဝတ်စုံ ငှားရတော့မယ့်အဖြစ်ပါ။

သူ လှမ်းဆွဲလိုက်သည့် ဟန့်တားမှုကြောင့် အရှိန်တစ်ဝက် ကျိုးသွားပုံပေါ်သည့် ဆွဲကြိုးက ရေစပ်လောက်မှာ ပဲ ငုပ်လျှိုးသွားခဲ့၏။

ကျသွားတာကို မမြင်လိုက်ပေမယ့် သူ ကန်ဘောင်ပေါ် ရောက်တော့ ရေစီပေါင်းလေး တစ်ပွက်နှစ်ပွက် တက်နေတာကို တွေ့သည် ။ ထို့ကြောင့် ဘောင်းဘီကို ဒူးဆစ်ကျော်အောင် လိပ်တင်ပြီး ရေထဲ ဆင်းရတော့၏။

အမည်မသိ ကျေးစူးရှင်မ ...၊

ခင်ဗျားကြောင့် ဒီနေ့ ရေကန်တွေနဲ့ အကျိုးပေးကောင်းခဲ့တာ နှစ်ခါ ...။

ဒါကို ပြန်ရှာမတွေ့ရင်တော့ မင်း မလွယ်ဘူး မှတ် ...။

* * *

# အခန်း (၄)

"ခွပ် ..."

"ဘုန်း ..."

ထိုးနှက်ကန်ကျောက်နေသမျှ နာကျင်လွန်းလို့ သတိလစ်သွားလောက်အောင် ဖြစ်ပေမယ့် ငရဲခံနေရသလို လစ်ချင်တိုင်းလည်း သတိက မလစ်ခဲ့ပါ။

ကုန်းကွစိုက်ကျသွားလိုက် ... ပြန်ဆွဲထူလိုက်နှင့် ဒါပဲမေးပြီး ပြန်ဖြေလိုက်တိုင်း မကျေနပ် ...။

"ပြော ... မင်း တကယ်မှန်တယ်ဆိုရင် အဲဒီကောင်က ဘယ်မှာ နေတာလဲ ..."

"သူ့မှာ မိဘလည်း မရှိဘူး ... အိမ်လည်း မရှိဘူး ... ကျွန်တော်ကပဲ အ ... အလုပ်ဖြစ်တိုင်း သူ့ကို ချေးငှား ကူညီနေရတာ ..."

"ဒီလိုကောင်က မင်းဆီကရသွားတဲ့ ပစ္စည်းကို မလွတ်တော့လို့ လွှင့်ပစ်ခဲ့ပါတယ်ဆိုတာ ငါတို့ က ယုံရမှာ လား ...၊ ပြောစမ်း ... နာမည် ဘယ်သူလဲ"

"ငယ်နာမည်ကတော့ အတူး ... ခု ပြန်တွေ့ကြကာမှ နာမည် မမေးမိဘူး"

"ဟာကွာ အဓိပ္ပာယ်မရှိ ..."

“ဖောင်း ...”

“အင့် ...”

လူသုံးယောက်မှာ တစ်ယောက်က ညွှန်ကြားသူဖြစ်လျက် နှစ်ယောက်၏ လက်သံပြောင်ခြင်းတွေထဲမှာ လင်းခ အလူးအလိမ့် ဖြစ်နေသည် ။

“ဟိုကောင်ကို သူ ကာကွယ်ပေးနေတာ မဟုတ်ဘူး ဆိုလည်း သူတို့က ငါတို့ ကို တစ်နေရာတည်း ပတ်ခွေနေတာကွ”

“မဟုတ် ... မဟုတ်ပါဘူး ... တကယ်ပါ၊ သူက အတွေ့အကြုံ မရှိလို့ ထိတ်လန့်ပြီး ...”

“တော်စမ်း ... လင်းခ”

“ဒီကောင့်ကို ပေါ်အောင်မေး ချက်ကြီး ... မရရင် သူ့တဲစုတ်ကို မီးပုံရှို့ခဲ့မယ်”

“အဲဒီလို မလုပ်ရဘူး ပေါက်စရဲ့ ... လူကိုပါ ကြိုးနဲ့ ကပ်တုပ်ထားပြီး ရောရှို့ရမှာ ...”

သူတို့ ပြောဆိုခြိမ်းခြောက်နေစဉ် စေ့ထားသည့် တံခါးတစ်ချပ် ပွင့်သွားကာ ...

“ဘာမဟုတ်တဲ့ ပလက်တီနမ်ကြိုးလေး တစ်ကုံးနဲ့ ဗျာ ...”

အသံကြားသည် နှင့် ငိုက်စိုက်ကျ ရှုံ့မဲ့နေသည့် လင်းခမျက်နှာ မော့ခနဲ မြောက်ကြွလာသည် ။ သူ့အိမ်ထိ ရောက် လာပြီဆိုကတည်းက နေ့စွဲ သူ့အတွက် ဒူးထောက်တောင်းပန်ပေးဖို့ မဟုတ်မှန်း သိလိုက်သည် ။ ထို့ကြောင့် မျက်နှာသည် ဟန်မဆောင်နိုင်အောင် ပြုံးယောင်သမ်းသွား၏။

"မင်းက အတူး ဆိုတာလား"

"တူးတာခြစ်တာတွေ စိတ်မဝင်စားပါနဲ့ ... ကျုပ်အတွက်က ဘယ်လောက်အဖိုးတန်တဲ့ ပစ္စည်းဖြစ်ဖြစ် လူထက်ပိုပြီး တန်ဖိုးမထားဘူး၊ သူ့ကို လုံးဝ လက်ဖျားနဲ့ မထိဘဲ ပြန်တော့၊ ခင်ဗျားတို့ ပစ္စည်း ပြန်ပေးမယ်"

"ဘယ်မှာ လဲ ..."

နေ့စွဲက ခပ်တည်တည် လျှောက်ဝင်သွားကာ နှစ်ယောက်လက်ထဲမှာ လျော့ရိလျော့ရဲ ချုပ်ကိုင်ထားကြသည့် လင်းခ၏ လက်တစ်ဖက်ကို သူ့ပခုံးပေါ် ပြောင်းတင်တွဲလိုက်ပြီး ...

"ရော့ ..."

ည မီးရောင်အောက်မှာ တစ်ယောက်တည်း ရပ်နေသူထံ ပြုံးပြက်လက်နေသည့် အရာတစ်ခု တန်းခနဲ ပြေးဝင်သွား၏။ ပစ်ပေးလိုက်ပြီး လင်းခကို တွဲထွက်လာခဲ့စဉ် ...

"ဟိတ်ကောင် နေဦး ... ဆွဲကြိုးမှာ စိန်လော့ကတ်ပါတယ်၊ ဒါကို သေချာအောင် စစ်ရဦးမှာ ..."

"မင်းက မလောက်လေး မလောက်စားနဲ့ ငါတို့ ကို လူလည်ကျတာလား"

"မလောက်လေး မလောက်စားက လူလည်ကျလို့ မရဘူး ထင်ရင်လည်း ဘာလို့ အပိုတွေ မေးနေလဲ ..."

နည်းနည်းမှ လေးစားသမှုမပါသော ပြန်လှန်မေးခွန်းတစ်ခု မာကျောကျော ဆောင့်လွှတ်လာတော့ သုံးယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။

နေ့စွဲက လင်းခကို ပခုံးနဲ့ ထမ်းတွဲထားရင်း အလွန်အမင်း စိတ်တိုသွားသည့် မျက်နှာနှင့် နောက်ပြန်လှည့်ကြည့်၍ ...

"ကိုယ့်ကိုယ်ကို ခင်ဗျားတို့ စိန်သူခိုးကြီးတွေများ မှတ်နေကြသလား ...၊ လက်နေတာမြင်တိုင်း စိန်လို့ ထင်ရအောင် ..."

လူလေးက သူတို့ သုံးယောက်စလုံးထက် အသက် အများကြီး ငယ်မှာ ပါ။ ဒေါသက လူနဲ့ မမျှတော့ သူတို့ မှာ ပဲ တစ်ခုခု မှားယွင်း နေ သလားလို့ ဒုတိယတစ်ခါ တိတ်ကျသွားပြန်၏။ ထို့ပြင် ...

"ခင်ဗျားတို့ ထဲက ပေါက်စဆိုတာ ဘယ်ပုဂ္ဂိုလ်လဲ ..."

"ငါပဲ ..."

အသားမည်းမည်း ခေါင်းတုံးဆံပင်နှင့်လူက ခါးထောက်လိုက်ပြီး ဖြေသည် ။ နေ့စွဲက အထင်မြင်သေးသည့် အကြည့်နှင့် ...

"စိန်လော့ကတ်ဆိုပြီး လက်ထောက်ချလိုက်တာ ခင်ဗျားလား"

"ဘာကွ ..."

"ဟွန်း ... စိန်မှန်း မသိ၊ ပုလင်းကွဲမှန်း မသိ ..."

"ဘာမှ မဟုတ်တဲ့ ဟာကြီးကို ကျုပ်က သူငယ်ချင်း တစ်ယောက်လုံး အဆုံးခံပြီး လိမ်ဖို့ ပတ်ဖို့ ကြိုးစားမိသေးတယ်၊ အဲဒီမှာ သေချာ မှန်ဘီလူးလေးဘာလေး ပြေးယူပြီး စစ်ကြည့်ဦး"

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည် ။ နေ့စွဲက သူကတောင် အလျော်ပြန်တောင်းချင်နေသည့် ရှုံ့မဲ့မဲ့မျက်နှာနှင့် စိတ်ပျက်စွာ ကျောခိုင်းလိုက်ရင်း ...

"ပြန်လာပေးတယ်ဆိုတည်းက သဘောပေါက်သင့်တယ် ...၊ ငါတို့

ကို ကြောက်လို့ ထင်ပြီး မာန်တက်နေမယ့်အစား ကိုယ့်ပစ္စည်းက မက်လောက်စရာ ဟုတ်ရဲ့ လား ပြန်ကြည့် ...”

ခပ်တည်တည် လှည့်ထွက်လာခဲ့ရပေမယ့် နောက်ကျော ယားနေသလိုပင် ...။ ဒါပေမဲ့ သူ အပြင်ရောက်လာတဲ့ အထိ တိတ်ဆိတ်စွာ ကျန်ရစ်ဆဲမို့ သွားတွေပေါ်အောင် အသံတိတ် ရယ်မိရင်း ...

အလကား ငပေါတွေ ...။

* * *